
# သုဿာန်မဲ့
# ကြယ်ကလေး

**LGBT ဝတ္ထုတိုများ စုစည်းမှု**

**ဒေးဗစ်မောင်မောင်**

2018. GRAPHIC DESIGN : KYAW MINN MOUNG



## ဆရာဆောင်းလုလင်၏ အမှာ စာ

စာအုပ်တစ်အုပ် စာတစ်ပုဒ်ကောင်းလျှင် "လက်က မချချင်ဘူး" ဟု ပြောတတ်ကြပါသည် ။ ကျွန်တော်ကတော့ ဒေးဗစ်မောင်မောင်ရဲ့ စာအုပ်ကလေးကိုဖတ်ပြီး လက်က ခဏခဏချထားမိပါ သည် ။ ဘာဖြစ်လို့လဲဆိုတော့ ဖတ်စရာကုန်ပြီး ပြီးဆုံးသွားမှာ စိုးလို့ ပါ။ ပြီးတော့ သူ့စာအုပ်ကလေး က ဝတ္ထုတိုပေါင်းချုပ်ဆိုတော့ တစ်ပုဒ်ဖတ်ပြီးတိုင်း တစ်ခါချထားလို့ ရတယ်။ ချထားချင်အောင် လည်း သူ့ဝတ္ထုလေးတွေက ဖတ်ရုံဖတ်ပြီး မေ့ပစ်ရမယ့် စာမျိုးတွေ မဟုတ်။ ဖတ်ပြီး စဉ်းစားစရာ၊ စားမြုံ့ပြန်ချင်စရာလေးတွေ ပါနေတော့ စာတစ်ပုဒ် ဖတ်ပြီးတိုင်း ခဏချလို့ စဉ်းစားခန်းဝင်ရတာ (ဝတ္ထုအကြောင်း ပြန်တွေးရတာ) ပင် အရသာတစ်မျိုး ဖြစ်နေသည် ။ အဲဒါကြောင့် ဒေးဗစ်မောင်မောင် ရဲ့ စာလေးတွေကိုဖတ်ရင်း ပြီးဆုံးသွားမှာ ၊ ကုန်သွားမှာ စိုးလို့ ခဏခဏ ချထားမိခြင်းဖြစ်ပါသည် ။

ဒေးဗစ်မောင်မောင်ရဲ့ ဝတ္ထုလေးတွေကို မဖတ်မီ မှတ်ထားသင့်တဲ့ အချက်ကလေး တစ်ချက် ကို မှတ်ထားစေချင်ပါသေးသည် ။ အဲဒါက LGBT ဆိုတဲ့ အသုံးအနှုန်းလေးဖြစ်ပါသည် ။ LGBT အဓိပ္ပာယ်ကို နားလည်ထားမှ လည်း သူ့ဝတ္ထုလေးတွေကို ဖတ်ရတာ နားလည်မှုရှိပြီး ကိုယ်ချင်းစာ ခံစားတတ်မည်ဖြစ်ပါသည် ။

L ဆိုတာက အင်္ဂလိပ်လို Lesbian ရဲ့ အတိုကောက်၊ မြန်မာအဓိပ္ပာယ်

က ယောက်ျားလျာ (ခေါ်) မိန်းမချင်း ချစ်ကြိုက်သူ။ G ဆိုတာက အင်္ဂလိပ်လို Gay ရဲ့ အတိုကောက်၊ မြန်မာအဓိပ္ပာယ် က မိန်းမလျာ (ခေါ်) ယောက်ျားချင်း ချစ်ကြိုက်သူ။ B ဆိုတာက အင်္ဂလိပ်လို Bisexual ရဲ့ အတိုကောက်၊ မြန်မာအဓိပ္ပာယ်က ယောက်ျား၊ မိန်းမနှစ်မျိုးစလုံးကို ချစ်ကြိုက်သူ။ T ဆိုတာက အင်္ဂလိပ် လို Transgender ရဲ့ အတိုကောက်၊ မြန်မာအဓိပ္ပာယ်က ဆန့်ကျင်ဘက်လိင်လို ဝတ်ဆင်နေထိုင်သူ။ LGBT ရဲ့ အဓိပ္ပာယ်က ဒ့ါထက် နက်ရှိုင်းတာတွေ ရှိသေးပေမယ့် ဒီလောက်သိထားရင် လုံလောက် ပါပြီ။

စာရေးသူ ဒေးဗစ်မောင်မောင်က သူဟာ Gay တစ်ယောက်ဖြစ်ကြောင်း ဝန်ခံထားသူ ဖြစ်ပါ သည် ။ သူရေးတဲ့ ဝတ္ထုများ ဟာလည်း Gay များ ရဲ့ ဘဝကို ခံစားထင်ဟပ်ပြီး ရေးသားထားတဲ့ ဝတ္ထု များက အများ စုဖြစ်ပါသည် ။ ဒေးဗစ်မောင်မောင်ရဲ့ ဝတ္ထု (၁၅)ပုဒ်ထဲမှာ Gay ဝတ္ထုများ ပါသလို အခြားသော LGBT နဲ့ ပတ်သက်တဲ့ ဝတ္ထုလေးများ လည်း ပါဝင်ပါသည် ။

ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းတွင် ယောက်ျားလျာ၊ မိန်းမလျာနှင့်ပတ်သက်လာလျှင် ရယ်စရာ၊ လှောင်စရာ၊ နှိမ့်ချစရာအဖြစ်သာ သဘောထားကြတာက များ ပါသည် ။ အထူးသဖြင့် မိန်းမလျာများကို ကုသိုလ်ကံနိမ့်ပါးလို့ ၊ အရင်ဘဝက သူများ သားမယား ပြစ်မှားလို့ ယခုဘဝမှာ မိန်းမလျာဖြစ်လာသယောင် ပြောဆိုကြသည် က အရိုးစွဲနေပါသည် ။ မိန်းမလျာတို့ သည် ကျွန်တော်တို့ မြန်မာ့လူ့အသိုင်းအဝိုင်းက သတ်မှတ်ထင်မြင်ထားသလို သာမန်လူများ ထက် ကံတရားနိမ့်ပါးနေသူ တွေလား။ ဒေးဗစ်မောင်မောင်၏ ဝတ္ထုလေးများကို ဖတ်လိုက်ရလျှင်ဖြင့် Gay ဆိုသည့် လူတန်းစား အပေါ် စာနာနားလည်စိတ်များ ထားနိုင်သွားမည်ဟု ယူဆပါသည် ။

စာပေနယ်တွင် သူ့ဘာသာရပ်နှင့်သူ ကျွမ်းကျင်သူများကိုယ်တိုင် ရေးဖွဲ့သည့်စာများမှာ ပို၍ ရပ်လုံးကြွလေ့ရှိပါသည် ။ ဥပမာအားဖြင့် တံငါသည် များ အကြောင်းကို ရေးသားဖွဲ့ဆိုသည့် စာရေး ဆရာကြယ်နီ၊ ဆင်အကြောင်းကို အတွင်းကျကျ ရေးဖွဲ့နိုင်သည့် စာရေးဆရာ ဖိုးကျော့၊ ဆရာနှင့် ကျောင်းသားများ အကြောင်းကို ရေးဖွဲ့လေ့ရှိသည့် စာရေးဆရာ ကြူရတနာမောင်မြကြိုင်၊ တောလိုက်မုဆိုးအကြောင်း သရုပ်ဖော် ရေးသားသည့် စာရေးဆရာ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၊ ဆရာဝန်နှင့် ဆေးလောကအကြောင်းကို ရေးသားဖွဲ့ဆိုသည့် စာရေးဆရာ မောင်သင် (ဆရာဝန်/ ရုပ်ရှင်မင်းသား) စသဖြင့် မြန်မာစာပေလောကတွင် ကိုယ်ကျင်လည်ရာ ပတ်ဝန်းကျင်အကြောင်းကို ဖွဲ့ဆိုသည့် စာရေးဆရာများ ပေါ်ထွက်ခဲ့ဖူးပါသည် ။ မိမိကျွမ်းကျင်ရာ ဘာသာရပ်ကို ရေးသားကြ သည့်အတွက်လည်း ထိုစာရေးဆရာများမှာ ထင်ရှားကြပါသည် ။ သူတို့ ၏ စာပေများမှာ လည်း ဂန္ထဝင်တွေ ဖြစ်ကြပါသည် ။

ဒေးဗစ်မောင်မောင်၏ ဝတ္ထုလေးများကို ဖတ်ရသည့်အခါ Gay များ အကြောင်းကို ထဲထဲ ဝင်ဝင် သိလိုက်ရသည့်အတွက် သူကျင်လည်ရာ လောက၊ သူကိုယ်တိုင် Gay ဖြစ်နေသည့်အတွက် သာ ဒီလိုရေးနိုင်ပေတယ်ဟု ချီးမွမ်းမိပါတော့သည် ။ ဒေးဗစ်မောင်မောင်၏ ဝတ္ထုလေးများက LGBT များကို ကိုယ်ချင်းစာစိတ်၊ စာနာနားလည်စိတ်များ ရှိလာအောင် စွမ်းဆောင်နိုင်ပါပေသည် ။

ဒေးဗစ်မောင်မောင်နှင့် ဖေ့စ်ဘုတ်တွင် သိကျွမ်းရင်းနှီးခဲ့ကာ လူချင်းတော့ တစ်ခါမှ မဆုံဖူး ပါ။ သူ့စာလေးတွေကို ကျွန်တော်ဖတ်ဖူးပါသည် ။ ၂၀၁၇ ခုနှစ်အတွင်းက Colors Rainbow အဖွဲ့ မှ LGBT ဝတ္ထုပြိုင်ပွဲ ကျင်းပရာ ကျွန်တော်နှင့် မသီတာ (စမ်းချောင်း) တို့ ကို အကဲဖြတ်ဒိုင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် ။ ပြိုင်ပွဲဝင် ဝတ္ထုများကို ရေးသားသူအမည်

မပါဘဲ Colors Rainbow အဖွဲ့မှ ပို့ပေးပါသည် ။ ရေးသူအမည်ကို ဝှက်ထားခြင်းဖြင့် အဆင့်မီသောစာကို မျက်နှာမလိုက်ဘဲ ရွေးချယ်နိုင်ခဲ့ပါသည် ။

ဆုကြေညာသည့်အခါမှ ဝတ္ထုရှည် တတိယဆုရသူမှာ ဒေးဗစ်မောင်မောင်ဖြစ်ကြောင်း သိရပါ သည် ။ ဆုကြေညာအပြီး ဒေးဗစ်မောင်မောင်ပြောပြသဖြင့် "စေတနာလေးကပို" ဆိုသော ပြိုင်ပွဲဝင်ဝတ္ထုတိုတစ်ပုဒ်မှာ လည်း သူရေးသော ဝတ္ထုဖြစ်ကြောင်း သိလိုက်ရပါသည် ။ ဆုမချိတ်သော်လည်း ထိုဝတ္ထုတိုလေးကို ကျွန်တော် ကောင်းကောင်း မှတ်မိနေ၍ သူ့ကိုအထင်ကြီးလိုက်ရပါသေးသည် ။ ဆုမရတဲ့ ဝတ္ထုကို ဘာကြောင့် အထင်ကြီးရတာလဲလို့ မေးစရာရှိပါသည် ။

စာပေနယ်တွင် "ကွင်းစိမ်း" ဆိုသော အခေါ်အဝေါ်တစ်ခုရှိပါသည် ။ ကွင်းစိမ်းဆိုသည် မှာ မည်သူမျှ မရေးသေးသော (သို့မဟုတ်) ရေးသူရှားပါးသော အကြောင်းအရာကို ဆိုလိုပါသည် ။ ဒေးဗစ်မောင်မောင်က "စေတနာလေးကပို" ဝတ္ထုတိုလေးထဲတွင် "မဏ္ဍပ်ဆောက်လုပ်ခြင်း လုပ်ငန်း အကြောင်း" ကို ထည့်သွင်းရေးဖွဲ့ထားပါသည် ။ သူ့ဝတ္ထုလေးကိုဖတ်ရမှ အလှူများ ၊ မင်္ဂလာဆောင် များ အတွက် မဏ္ဍပ်ဆောက်လုပ်ပေးခြင်းလုပ်ငန်းကို သီးသန့်လိုက်လုပ်ပေးသည့် လုပ်ငန်းရှင်များရှိကြောင်း သိရပါသည် ။ (ထိုဝတ္ထုတိုကလေး ဤစာအုပ်ထဲတွင် ပါပါသည် ။)

ဒေးဗစ်မောင်မောင်ထံမှ ထိုသို့သော ကွင်းစိမ်းအကြောင်းအရာများ ထွက်ပေါ်လာမည်ဟု ဆက်လက်မျှော်လင့်မိပါသည် ။ ရေးပါဦးလို့လည်း တိုက်တွန်းလိုပါသည် ။

ဒေးဗစ်မောင်မောင်၏ ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကလေးမှာ စာဖတ်

သူလက်ထဲသို့ ရောက်ရှိ နေပြီဖြစ်၍ တစ်ပုဒ်ချင်း ကောင်းကြောင်းကို ကျွန်တော့်အနေဖြင့် ညွှန်းဆိုမနေတော့ပါ။ ဒေးဗစ် မောင်မောင်၏ ဝတ္ထု လေးများကို ဖတ်ကြည့်လျှင် ထူးဆန်းအံ့ဩသော ခံစားမှုကိုလည်း ခံစား ရပါလိမ့်မည်။ ရင်နင့်နာကျင်သော ခံစားမှုကိုလည်း ရပါလိမ့်မည်။ ကရု ဏာရသကိုလည်း ခံစားရပါလိမ့်မည်။ စာနာထောက်ထားစိတ်များ လ ည်း ဝင်လာပါလိမ့်မည်။ လူတန်းစားတစ်ရပ်ကို လည်း သဘောပေါက် လက်ခံလာနိုင်မည်ဟု ယုံကြည်ပါသည် ။

ဒေးဗစ်မောင်မောင်ကိုလည်း LGBT သရုပ်ဖော် ဝတ္ထုများ သာမက အခြားသော အကြောင်း အရာစုံ ဝတ္ထုကောင်းများ ဖန်တီးပါဦး၊ ရေးပါ ဦးလို့ အားပေးစကားဆိုချင်ပါသည် ။ မြန်မာစာပေ နယ်တွင် ထူးခြား သော စာရေးဆရာတစ်ဦးအဖြစ် ရပ်တည်နိုင်ပါစေ၊ စာဖတ်ပရိသတ်တို့ အားပေး ခြင်းခံရပါစေလို့ ဆုတောင်းပေးလိုက်ပါသည် ။

ဆောင်းလုလင်

၂၀၁၈ ခုနှစ်၊ မေလ (၉) ရက်

***

# စာဖတ်သူများ ... သို့

ကျွန်တော့်ရဲ့ "သဏ္ဍာန်မဲ့ကြယ်ကလေးနှင့် အခြား LGBT ဝတ္ထုတိုများ " စာအုပ်ထုတ်ဖို့ စီစဉ်တော့ ပြောချင်တာလေးတွေရှိလာတယ်။ LGBT စာပေဆိုတာ လူနည်းစုသာ လက်ခံတဲ့ စာပေ ပါ။ ဒါကြောင့် ကျွန်တော့် စာရေးသက် (၅)နှစ်ကျော်အတွင်း LGBT ဝတ္ထုတို (၁၃)ပုဒ်သာ မဂ္ဂဇင်း စာမျက်နှာထက် ရောက်ခဲ့ပါတယ်။ ဆိုတော့ LGBT စာပေဟာ ရှားပါးတယ်။ ရှားပါးတော့ ဖတ်သူ လည်း နည်းမှာ ပေါ့။ ဒါကိုသိလိုက်တော့ ဆရာသရဝဏ် (ပြည်) ရဲ့ စကားလေးကို သတိရမိတယ်။ Eternal Light Magazine မှာ ပါတဲ့ ဆောင်းပါးထဲကပါ။ "ပိုက်ဆံမရမှန်း သိပေမယ့် လုပ်ဖြစ် အောင်လုပ်တယ်။ မအောင်မြင်မှာ မှန်း သိပေမယ့် လုပ်ဖြစ်အောင်လုပ်တယ်။ နာမည်မကြီးမယ်မှန်း သိပေမယ့် လုပ်ဖြစ်အောင် လုပ်တယ်။ အဲဒါဝါသနာ" တဲ့ ။ သိပ်မှန်တာပဲ၊ ကျွန်တော့်စာအုပ်လေးဟာ လည်း ဖတ်သူ၊ လက်ခံသူ နည်းပါးတဲ့ ကြားက ထုတ်ဖြစ်အောင် ထုတ်လိုက်တယ်။ အဲဒါ ကျွန်တော့် ဝါသနာကြောင့်ပဲ။

ဒါပေမဲ့လည်း ကျွန်တော့်မှာ နဂိုက ရည်မှန်းချက်လေးတစ်ခု ရှိထားခဲ့ဖူးတယ်။ အဲဒါက "ကိုယ့်သမိုင်း ကိုယ်ရေး" ဆိုတဲ့ စကားလိုပဲ။ ကျွန်တော် သေပြီးရင် ကျွန်တော့်သမိုင်းလေး ကျန်ခဲ့ စေချင်တဲ့ အနေနဲ့ စာအုပ်လေး တစ်အုပ်လောက်တော့ ထုတ်ဝေထားခဲ့ချင်တယ် ဆိုတာပါပဲ။

လူဆိုတာ အချိန်မရွေး သေနိုင်တော့ မသေခင် ထုတ်ဖြစ်အောင် ထု

တ်ဖို့ အတွက် ယခုစာအုပ် ထဲမှာ ပါတဲ့ (၁၅)ပုဒ်လုံးလုံး မဂ္ဂဇင်းစာမျက်နှာထက် ပါလာတဲ့ အထိ စောင့်မနေတော့ဘဲ စာအုပ်အဖြစ် စုစည်းပြီး ထုတ်ဖြစ်လိုက်တာပါ။ ဒီစာအုပ်လေး ထုတ်ဝေဖို့ အတွက် အစစအရာရာ ကူညီပေးခဲ့ကြတဲ့ ဆရာအညို၊ ဆရာဟန်သုသော်၊ အမှာ စာ ရေးပေးတဲ့ ဆရာ ဆောင်းလုလင်၊ မျက်နှာဖုံးပန်းချီဆွဲပေး တဲ့ ဆရာကျော်မင်းမောင်၊ ဝတ္ထုတိုလေးတွေ မဂ္ဂဇင်းစာမျက်နှာထက် တင်ပေးခဲ့ကြတဲ့ Colors Rainbow Magazine ၊ The Corner of 26 & 66 Street Magazine ၊ ရွှေအမြုတေမဂ္ဂဇင်း၊ Xpress Magazine ၊ အောင်ပိုင်ဟိန်း ရသစုံ အွန်လိုင်းမဂ္ဂဇင်းနှင့် ဝတ္ထုတိုလေးတွေ ရေးစဉ်က ကူညီထောက်ပြပေးခဲ့ကြတဲ့ သူငယ်ချင်းများ ၊ ဖတ်ရှုအားပေးကြတဲ့ သူငယ်ချင်းများ ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ စသဖြင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

**ဒေးဗစ်မောင်မောင်**

***